EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၂၈)၊ ဧပြီ ၄ ရက်၊ ၂၀၁၇

## ရှမ်းပြည်နယ်စည်ပင်ဥပဒေ ပြန်လည်သုံးသပ်၍ နည်းဥပဒေရေးဆွဲရန် အဆိုကို ရှမ်းပြည်နယ်လွှတ်တော် အတည်ပြု

မတ် ၂၃၊ ၂၀၁၇

ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပြန်လည်သုံးသပ်ခြင်းနှင့် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်းအဆိုကို ရှမ်းပြည်နယ် လွှတ်တော်ပဋ္ဌမပုံမှန် အစည်းအဝေးတွင် ကန့်ကွက်သူမရှိ အတည်ပြုခဲ့သည်။

မတ်လ ၂၀ ရက်က စတင်ကျင်းပနေသည့် လွှတ်တော်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ် စားလှယ် ဒေါ်နန်းစမ်းစမ်းအေး(သီပေါ ၁၊ SNLD) က တင်သွင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ထို့နောက် ရှမ်းပြည်နယ်စည်ပင်သာယာရေး နည်းဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ထောက်ခံဆွေးနွေးခဲ့သည်။

"စည်ပင်သာယာရေးဥပဒေက ရှိထားတယ်။ အသေးစိတ်စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်နည်းလုပ်ဟန်တွေမပါတဲ့အတွက် အဆိုကို တင်တာပါ"ဟု ဒေါ်နန်းစမ်းစမ်းအေးက ပြောသည်။

အဆိုကို အတည်ပြုပြီးဖြစ်သဖြင့် ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနက နည်းဥပဒေအား ပြန်လည်ရေးဆွဲရမည်ဖြစ်ပြီး လွှတ်တော်သို့ တင်သွင်းရမည်ဖြစ်သည်။

"နည်းဥပဒေမရှိတဲ့အတွက် ဥပမာအနေနဲ့ပြောရင် စည်ပင်သာယာရေးကော်မတီ ရွေးချယ်တဲ့အခါမှာ တန်းတူညီမျှမရနိုင်ဘူး။ အရည်အချင်း သတ်မှတ်ချက်၊ အသက် အကန့်အသတ်စသဖြင့် မရှိထားဘူး။ လုပ်ထုံးလုပ်နည်းသာ ပြဋ္ဌာန်းထားရင် ဌာနဆိုင်ရာနဲ့ လူထုကြားမှာ ပဋိပက္ခတွေမဖြစ်ပွားတော့ဘူး"ဟု ဒေါ်နန်းစမ်းစမ်းအေးက ပြောကြားသည်။

*(ကိုးကား - http://www.7daydaily.com/story)*

## လူကူးခုံးကျော်တံတားများနှင့် မြို့တော်ဂေါက်ကွင်းပြုပြင်ရေး တောင်းခံငွေမှ ကျပ်သန်း ၄၂၀၀ ကျော် လွှတ်တော်ဖြတ်တောက်

မတ် ၃၀၊ ၂၀၁၇

ရန်ကုန်တိုင်းဒေသကြီး အစိုးရက ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်မည့် လူကူးခုံးကျော်တံတားတည်ဆောက်မည့်လုပ်ငန်းများနှင့် မြို့တော်ဂေါက်ကွင်းတည်ဆောက်ရေးလုပ်ငန်းများမှ ဘတ်ဂျက် ကျပ်သန်း ၄၂၀၀ ကျော်ကို တိုင်းအစိုးရက ဖြတ်တောက်လိုက်သည်။

ပြန်လည်ပိုလျှံလာမည့် ဘတ်ဂျက်ကို တခြားလိုအပ်သည့် မြို့နယ်များတွင် ခေါင်းစဉ်ပြောင်း၍ အသုံးပြုသွားရန် တိုင်းဒေသကြီးလွှတ်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌ ဒေါ်စန္ဒာမင်းက ပြောကြားသည်။

လူကူးခုံးကျော်တံတား ၆ စင်းနှင့် စတုဂံပုံ ခုံးကျော်တံတားမှ ပိုလျှံလာမည့် ကျပ်သန်း ၃၇၀၀ ကို ရန်ကုန်စည်ပင်နယ်နိမိတ် ၃၃ မြို့နယ်အတွင်း လမ်းတံတားနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းကလည်း လွှတ်တော်တွင် လာရောက်ရှင်းပြခဲ့သည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်)*




၂၀၁၀-၂၀၁၅
မြန်မာနိုင်ငံ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များ
**စွမ်းဆောင်ရည် လေ့လာသုံးသပ်မှု အစီရင်ခံစာ**

ထွက်ရှိပြီဖြစ်ပါသဖြင့် ရယူလိုပါက info@emref.org သို့ ဆက်သွယ် တောင်းခံနိုင်ပါသည်။

# လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေးစီမံကိန်း နှစ်ခုအား မွန်ပြည်နယ်လွှတ်တော်အတည်ပြု

မတ် ၂၅၊ ၂၀၁၇

မွန်ပြည်နယ် သံဖြူဇရပ်နှင့် ရေးမြို့နယ်အတွင်း Bedok Construction & Engineering Co; Ltd နှင့် အရှေ့တောင် အထွေထွေစွမ်းအင်နှင့် လျှပ်စစ်ကုမ္ပဏီလီမိတက် SEGEP တို့၏ စီမံကိန်းများအား မွန်ပြည်နယ်လွှတ်တော်က မတ်လ ၂၄ ရက်နေ့တွင် အတည်ပြုလိုက်သည်။

Bedok Constrution & Engineering Co,Ltd ကုမ္ပဏီဆောင်ရွက်မည့် မွန်ပြည်နယ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းသည် သံဖြူဇရပ်မြို့နယ်နှင့် ရေးမြို့နယ်ကြားတွင် အကောင်အထည်ဖော်မည်ဖြစ်ပြီး ပြည်နယ်စက်မှုဇုန်၊ ငါးလုပ်ငန်းဇုန်၊ ရေနက်ဆိပ်ကမ်းဇုန်၊ အထူးစီးပွားရေးဇုန်၊ အိမ်ယာစီမံကိန်းဇုန်နှင့် မွန်ပြည်နယ်အစိုးရပိုင်စီမံခန့်ခွဲဖုံတို့ကို လျာထားသည်ဟု မွန်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ထို့အတူ အရှေ့တောင် အထွေထွေစွမ်းအင်နှင့် လျှပ်စစ်ကုမ္ပဏီလီမိတက် (SEGEP) မှ သံဖြူဇရပ်မြို့နယ်နှင့် ရေးမြို့နယ်အတွင်း လျှပ်စစ်ဓါတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ကာ အတည်ပြုခဲ့သည်။

ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို မတ်လ ၁၅ မှ ၂၄ ရက်နေ့အတွင်း ၆ ရက်ကြာကျင်းပခဲ့ရာ၌ မေးခွန်း (၂၈)ခု၊ မေးမြန်း ဖြေကြားခြင်း၊ အဆို(၁)ခုအား ဆွေးနွေးအတည်ပြုခြင်း၊ အစီရင်ခံစာ(၃)ခုအား မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်း(၂)ရပ်အား အတည်ပြုခြင်း၊ လွှတ်တော်ရေးရာကော်မတီ(၇)ရပ် ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်းတို့အား အတည်ပြုခြင်း၊ မွန်ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စများမှ လျှပ်စစ်ထုတ်လုပ်ရေးကိစ္စတစ်ခုတည်းကိုသာ အတည်ပြုခြင်းနှင့် သံဖြူဇရပ်မြို့နယ်နှင့် ရေးမြို့နယ်အတွင်း လျှပ်စစ်ဓါတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စတင်ပြခြင်းတို့အား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

*(ကိုးကား - မွန်သတင်းအေဂျင်စီ၊ http://burmese.bnionline.net/)*

# တိုင်းအစိုးရ၏ စီမံကိန်း ၅၀ ကျော်ရပ်ဆိုင်းရန် စစ်ကိုင်းလွှတ်တော်အတည်ပြု

မတ် ၃၀၊ ၂၀၁၇

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရကတင်ပြထားသော စီမံကိန်း ၅၆ ခုအနက် လုပ်ငန်းစီမံကိန်း ၅၀ ကျော်ကို ရပ်ဆိုင်းပြီး သုံးခုကိုသာ ဆောင်ရွက်ရန် မတ်လ ၃၀ ရက်နေ့က ကျင်းပသည့် စစ်ကိုင်းတိုင်းလွှတ်တော်တွင် မဲခွဲဆုံးဖြတ် အတည်ပြုခဲ့သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး တင်ပြလာသည့် လုပ်ငန်း ၅၆ ခုကို ဆောင်ရွက်ခြင်းပြု၊ မပြု လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ စစ်ကိုင်းမြို့နယ်စည်ပင်သာယာက အကောင်အထည်ဖော်မည့် ရွှေမင်းဝန် ၂၃ လမ်းနှင့် ၂၅ လမ်းတွင် ရေမြောင်းပြုလုပ်ခြင်း အပါအဝင် ရေအသုံးချစီမံခန့်ခွဲမှုဦးစီးဌာနက ရေကြီးမှုပြန်လည်ထူထောင်ရေးလိုအပ်သောပစ္စည်းများ ဝယ်ယူခြင်းစသည့် လုပ်ငန်းသုံးခုသာ ဆက်လက်ဆောင်ရွက်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

"ကျေးလက်ဒေသတွေမှာ ဖိနပ်ချွတ်ပြီး လမ်းတွေမကောင်း၊ တံတားတွေမကောင်းလို့ သွားလာနေရချိန်မှာ ဝန်ထမ်းအိမ်ရာတွေမှာ ငွေအများကြီး သုံးထားတာတွေအတွက် မို့ သဘောမတူတာပါ"ဟု အရာတော်မြို့နယ် ၂ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏက ပြောဆိုသည်။

အဆိုပါ စီမံကိန်း ၅၃ ခုကို ဆောင်ရွက်ခြင်းမပြုကြောင်း ဆုံးဖြတ်လိုက်သည့်အတွက် ထွက်ပေါ်လာသည့် ငွေကြေးများကို ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် ဒေါင်းမြူးချောင်းကိုပြုပြင်ရန် ကျပ်သန်း ၅၀၀ ကို ဖယ်၍ ကျန်ငွေများကို စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အညီအမျှ ခွဲဝေဆောင်ရွက်မည်ဖြစ်ကြောင်း လဟယ်မြို့နယ်ကိုယ်စားလှယ် ဦးကယ်က ပြောကြားသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်။)*

| ပြည်နယ်နှင့်တိုင်းဒေသကြီး<br>လွှတ်တော်များဆိုင်ရာ<br>သတင်းစာစဉ် | စုစည်းတင်ပြသူ<br>ပညာအလင်းပွင့်<br>မြန်မာသုတေသန ဖောင်ဒေးရှင်း | ဆက်သွယ်ရန်<br>၀၉-၂၆၀၀၀၇၅၁၉ |
|---|---|---|

www.emref.org

www.facebook.com/emrmyanmar

# မြစ်ကြီးနားဂေါက်ကွင်းအား ပြည်သူ့ဥယျာဉ်အဖြစ်သတ်မှတ်ရေး အဆိုကို လွှတ်တော်ကိုယ်စားလှယ်အများစု သဘောမတူ

မတ် ၂၃၊ ၂၀၁၇

မြစ်ကြီးနားမြို့တွင်းရှိ ပြည်နယ်ဂေါက်ကွင်းအား ပြည်သူ့ဥယျာဉ်အဖြစ်ဆောင်ရွက်ရန် တင်သွင်းခဲ့သောအဆိုကို ကချင်ပြည်နယ်လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ အဆိုရှုံးနိမ့်ပျက်ပြယ်သွားပြီဖြစ်သည်။

ယင်းအဆိုကို ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော်၊ ဆဋ္ဌမပုံမှန်အစည်းအဝေး၊ တတိယနေ့က တနိုင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက တင်သွင်းခဲ့ခြင်းဖြစ် သည်။

အဆိုနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက ဆွေးနွေးရာတွင် မြစ်ကြီးနားမြို့၌ အများပြည်သူအပန်းဖြေအနားယူနိုင်ရန်အတွက် ကရိန်နော်အပန်းဖြေစခန်း၊ ရောဦးပန်းခြံ၊ စိမ်းမြရောပန်းခြံတို့ရှိနေကြောင်း၊ ထို့ပြင် အများပြည်သူများ ပိုမိုဝင်ရောက်အပန်းဖြေနိုင်ရန်အတွက် ရောဦးပန်းခြံအား တိုးချဲ့ပြင်ဆင်နေကြောင်းတို့ကို တင်ပြဆွေးနွေးခဲ့သည်။

ပြည်နယ်ဂေါက်ကွင်းမှမြေဧက ၄၀ ကျော်မှာ ဂေါက်ကွင်းဥက္ကဋ္ဌပိုင်မြေဖြစ်ပြီး အခွန်လွတ်မြေအဖြစ် သတ်မှတ်ထားသောနေရာဖြစ်ကြောင်း၊ ကျန်သည့် နှစ်ဧကကျော်မှာ နှစ် ၃၀ ဂရမ်ဖြင့် ပုဂ္ဂလိကထံ ငှားရမ်းထားကြောင်း၊ အကယ်၍ ပြည်သူ့ဥယျာဉ်အဖြစ် ပြောင်းလဲသတ်မှတ်လိုပါက ဂေါက်ကလပ်ဖွဲ့၏ သဘောတူညီချက်ရရှိမှသာ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေး၍ ရမည်ဖြစ်ကြောင်းတို့ကိုလည်း ဝန်ကြီးက ဖြည့်စွက်ရှင်းလင်း ပြောကြားသွားခဲ့သည်။

ယင်းဂေါက်ကွင်းမှာ အစဉ်အဆက်တည်ရှိလာသည့် နေရာဖြစ်သည့်အပြင် ငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံ တည်ဆောက်ထားသဖြင့် ပြောင်းရွှေ့ရမည်ဆိုက မြေနေရာအခက်အခဲ၊ ငွေကြေးခက်အခဲများရှိနေကြောင်းတို့ကိုတင်ပြပြီး အဆိုကို လွှတ်တော်တွင် မှတ်တမ်းတင်ထားသင့်ကြောင်း ဖြေကြားခဲ့သည်။

ဝန်ကြီး၏ဖြေကြားချက်အပေါ် အဆိုတင်သွင်းခဲ့သူ ဦးဇော်ဝင်းက လွှတ်တော်၏ အဆုံးအဖြတ်ကိုခံယူလိုကြောင်း တင်ပြတောင်းခံ၍ မဲခွဲဆုံးဖြတ်ရာ လွှတ်တော်တက်ရောက်သူ ၄၅ ဦးအနက် ထောက်ခံသူ ၁၉ ဦးသာရှိခဲ့သဖြင့် အဆိုပျက်ပြယ်ကြောင်း လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

*(ကိုးကား-http://www.myitkyinanewsjournal.com)*

# တနင်္သာရီတိုင်းလွှတ်တော် ဥပဒေ ၄ ခု အတည်ပြု

ဧပြီ ၁၊ ၂၀၁၇



ယခုမတ်လကုန်တွင် ကျင်းပသည့် ဒုတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ဥပဒေ ၄ ခု အတည်ပြုခဲ့သည်။

စည်ပင်သာယာရေးဥပဒေ၊ ယစ်မျိုးခွန်ဥပဒေ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တနင်္သာရီတိုင်းဒေသကြီး ဒေသန္တရ စီမံကိန်းဥပဒေနှင့် ၂၀၁၇ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတို့ကို အတည်ပြုခဲ့ခြင်း ဖြစ်သည်။

ယင်းဥပဒေများအပြင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးပို့ထားသည့် တနင်္သာရီတိုင်းဒေသကြီး ပြတိုက်နှင့် စာကြည့်တိုက်ဥပဒေနှင့် တနင်္သာရီတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေများကိုလည်း ဥပဒေပြုရေးကော်မတီနှင့် ဥပဒေလေ့လာသုံးသပ်ရေး ကော်မရှင်အဖွဲ့များက စိစစ်လျက်ရှိကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောကြားသည်။

ဒုတိယအကြိမ် တနင်္သာရီတိုင်းလွှတ်တော်စတုတ္ထပုံမှန် အစည်းအဝေးကို မတ်လ ၂၈ ရက်နေ့မှ ၃၁ ရက်အထိ ကျင်းပခဲ့သည်။ ယင်းပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ၂၉ ခုနှင့် အဆိုတစ်ခုတို့ကို မေးမြန်းတင်သွင်းခဲ့သည်။ *(ကိုးကား - Tanintharyi Journal မှ ကောက်နုတ်တင်ပြသည်။)*

# ရေဝတီတိုင်းလွှတ်တော် ကိုယ်စားလှယ်များ စိတ်ဆန္ဒမစောရန် တိုင်းဝန်ကြီးချုပ် မေတ္တာရပ်ခံ

မတ် ၂၅၊ ၂၀၁၇

ရေဝတီတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များအနေနှင့် လွှတ်တော်တွင် တင်ပြလာသောအဆိုများ၊ အကြံပြုချက်များကို အစိုးရအဖွဲ့မှ အကောင်အထည်ဖော်ရာတွင် အစိုးရနှင့်လွှတ်တော်လုပ်ငန်း သဘောသဘာဝ မတူညီသောကြောင့် စိတ်ရှည်သည်းခံကာ ဆန္ဒမစောကြရန် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်မန်းဂျော်နီက မေတ္တာရပ်ခံသည်။

ပုသိမ်မြို့ ကမ်းနားလမ်းရှိမြို့တော်ခန်းမတွင် မတ်လ ၂၃ ရက်က ပြုလုပ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ရေဝတီတိုင်းဒေသကြီး၊ ခရိုင် ၆ ခရိုင်နှင့် မြို့နယ် ၂၆ မြို့နယ်မှ အလုပ်အမှုဆောင်များ တွေ့ဆုံပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားသည်။

"အခုလို တည်ဆောက်ရေးကာလမှာ လူမှုရေး၊ ဘာသာရေး၊ လူမျိုးရေးနဲ့ ဒီမိုကရေစီရေး လူ့အခွင့်အရေးအမည်ခံ အဖွဲ့အစည်းတွေရဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်၊ စေတနာအရောင်ပြပြီး အဖွဲ့တွေရဲ့အတွက်ကို ရှေ့တန်းတင်တာတွေ ရှိနေတာကြောင့် သတိရှိဖို့လိုပါတယ်၊ တုံ့ပြန်မှုတွေရဲ့ အဖြေကိုသတိထားဖို့လိုပါတယ်" ဟု ဝန်ကြီးချုပ်မန်းဂျော်နီက ပြောသည်။

ရေဝတီတိုင်းဒေသကြီး လွှတ်တော်တွင် တိုင်းလွှတ်တော် ကိုယ်စားလှယ်များက စံချိန်စံညွှန်းနှင့်မညီသည့် အရက်ချက်စက်ရုံများကို ထိရောက်စွာ အရေးယူပေးရန်၊ တရားရေးမဏ္ဍိုင်ထိန်းမတ်ပေးရန်၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများကို ထိန်းကျောင်းကြပ်မတ်ပေးရန်၊ ပညာရေးဌာန၏ လွှဲချော်မှုများ တည့်မတ်ပေးရန်၊ တင်ဒါစည်းမျဉ်း၊ စည်းကမ်းမလိုက်နာသည့် ကုမ္ပဏီများကို ပွင့်လင်းမြင်သာအရေးယူပေးရန် စသည်ဖြင့် တိုင်းဒေသကြီးအစိုးရကို တိုက်တွန်းသည့်အဆိုများ တင်ခဲ့ကြောင်း၊ အစိုးရအနေနှင့်လုပ်ဆောင်မှုမှာ အားရဖွယ်ရာ မရှိသေးကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အချို့က ဆိုသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်။)*

## ကယားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ရေးရာကော်မတီများ၏ တစ်နှစ်တာစွမ်းဆောင်ချက်များ

| စဉ် | အမည် | မဲဆန္ဒနယ် | မေးခွန်းအရေအတွက် | အဆိုအရေအတွက် |
|---|---|---|---|---|
| ၁ | ဒေါက်တာအောင်ကျော်ငွေး | လွိုင်ကော် (၁) | ၄ | အဆိုမရှိ |
| ၂ | ဦးတင်မြင့် | လွိုင်ကော် (၂) | ၆ | အဆိုမရှိ |
| ၃ | ဦးသိန်းအောင် (ခ) စဲရယ် | ဒီးမော့ဆို (၁) | ၁၀ | ၂ |
| ၄ | ဦးဘော့စ်ကို | ဒီးမော့ဆို (၂) | မေးခွန်းမရှိ | အဆိုမရှိ |
| ၅ | ဦးခင်မောင်ထွန်း (ခ) နော်အီး | ဖရူဆို (၂) | ၂ | ၁ |
| ၆ | ဦးတီရယ် | ရှားတော (၁) | မေးခွန်းမရှိ | အဆိုမရှိ |
| ၇ | ဦးအေးရွှေ | ဘောလခဲ (၁) | ၁ | အဆိုမရှိ |
| ၈ | ဦးစိုးရယ် | ဘောလခဲ (၂) | ၁ | ၁ |
| ၉ | ဦးဝင်းမြင့် | ဖားဆောင် (၁) | မေးခွန်းမရှိ | အဆိုမရှိ |
| ၁၀ | ဦးရန်နိုင်ဆွေ | ဖားဆောင် (၂) | ၄ | အဆိုမရှိ |
| ၁၁ | ဦးအောင်နိုင်ဦး | မယ်စဲ့ (၁) | ၁၆ | ၃ |
| ၁၂ | ဦးအယ်ဖေါင်းရှို (ပြည်နယ်ဝန်ကြီးချုပ်) | မယ်စဲ့ (၂) | မေးခွန်းမရှိ | အဆိုမရှိ |
| ၁၃ | ဦးလှမျိုးဆွေ | ဗမာတိုင်းရင်းသားရေးရာဝန်ကြီး | မေးခွန်းမရှိ | အဆိုမရှိ |
| ၁၄ | ဗိုလ်မှူးကြီးဇော်မျိုးတင် | တပ်မတော်သားကိုယ်စားလှယ် | မေးခွန်းမရှိ | အဆိုမရှိ |
| ၁၅ | ဗိုလ်မှူးကြီးနေထွန်း | တပ်မတော်သားကိုယ်စားလှယ် | မေးခွန်းမရှိ | အဆိုမရှိ |
| ၁၆ | ဗိုလ်မှူးကြီးအောင်ခိုင်စိုး | တပ်မတော်သားကိုယ်စားလှယ် | မေးခွန်းမရှိ | အဆိုမရှိ |
| ၁၇ | ဗိုလ်မှူးမင်းသူ | တပ်မတော်သားကိုယ်စားလှယ် | မေးခွန်းမရှိ | အဆိုမရှိ |
| ၁၈ | ဗိုလ်မှူးမျိုးမြင့် | တပ်မတော်သားကိုယ်စားလှယ် | မေးခွန်းမရှိ | အဆိုမရှိ |
| | | စုစုပေါင်း | ၄၄ | ၇ |

| စဉ် | ရေးရာကော်မတီ | အစည်းအဝေး | ကွင်းဆင်းခြင်း | အစီရင်ခံစာ | ကြားနာပွဲ |
|---|---|---|---|---|---|
| ၁ | ဥပဒေပြုရေးဆိုင်ရာကော်မတီ | ၁၁ | _ | ၁ | _ |
| ၂ | ဥပဒေလေ့လာစိစစ်အကြံပြုရေးကော်မတီ | ၈ | _ | _ | _ |
| ၃ | အစိုးရအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ | ၄ | ၉ | _ | _ |
| ၄ | ပြည်သူ့ငွေစာရင်းစောင့်ကြည့်စစ်ဆေးရေးကော်မတီ | ၈ | ၂၅ | _ | _ |
| ၅ | တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ | ၈ | _ | ၁ | _ |
| ၆ | တိုင်စာပစ်စာလေ့လာဆန်းစစ်ရေးအဖွဲ့ | ၈ | _ | _ | ၈ |
| | စုစုပေါင်း | ၄၇ | ၃၄ | ၂ | ၈ |

*ကိုးကား - ကယားပြည်နယ်လွှတ်တော် Facebook Page*